SHAN
HUMAN RIGHTS FOUNDATION
www.shanhumanrights.org shanhumanrightsfoundation@gmail.com


## ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ နောက်ဆုံးရ လူ့အခွင့်အရေး ချိုးဖေါက်မှု ထုတ်ပြန်ချက်

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်

**တော်လှန်ရေးတပ်များ ထိန်းချုပ်ထားရာ နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၁၅ဦးသေဆုံးပြီး ဆေးရုံရှိများစွာသော လူနာများအပါအဝင် ၃၂ ဦး ထိခိုက်ဒဏ်ရာရရှိ**

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၁ရက်နေ့မှ ၂၇ရက်နေ့အတွင်း စစ်ကောင်စီက နောင်ချိုမြို့နှင့် ကျောက်မဲမြို့တို့တွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သဖြင့် အရပ်သားပြည်သူ ၁၅ ဦးသေဆုံးပြီး ၃၂ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုထိခိုက် သေဆုံးသူများထဲတွင် ပေါင်၂၅၀ဖုံးနှစ်လုံးကြဲခံရသော ကျောက်မဲဆေးရုံမှ လူနာများစွာပါဝင်သည်။ နောင်ချိုမြို့နှင့် ကျောက်မဲမြို့ကို ၂၀၂၄ခုနှစ် နှစ်လယ်ကတည်းက တော်လှန်ရေးတပ်များက ထိန်းချုပ်ထားသည်။


၂၀၂၄ ဒီဇင်ဘာလ(၂၉)ရက်မှ ၂၀၂၅ ဇန်နဝါရီလ (၂၇)ရက်ထိ အရပ်သားများအားထိခိုက်သေဆုံးစေခဲ့သည့် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုနှင့်မီးရှို့ဖျက်ဆီးမှု



ဇန်နဝါရီလ ၂၁ရက်နေ့ မွန်းလွဲ ၂:၁၆ အချိန်တွင် စစ်ကောင်စီက နောင်ချိုမြို့ အထွေထွေအုပ်ချုပ်ရေးရုံးကို ဂျက်ဖိုက်တာ လေယာဉ်ဖြင့် ပေါင် ၃၀၀ ဗုံးနှစ်လုံး ကြဲခဲ့သည်။ ထိုဗုံးကြဲမှုကြောင့် အသက်၆၀အရွယ်ရှိ အမျိုးသမီး ၁ဦးသေဆုံးခဲ့ပြီး ၁၇နှစ်အရွယ် အမျိုးသမီး ၁ဦး၊ အမျိုးသား ၁ဦး ထိခိုက်ဒဏ်ရာရရှိကာ အထွေထွေအုပ်ချုပ်ရေးရုံးနှင့် ရဲစခန်းတို့ ထိခိုက်ပျက်စီးခဲ့သည်။ ထိုနေ့ ၂:၂၆ အချိန်တွင် နောင်ချိုမြို့ အနောက်တောင်ဖက် ၂၀ ကီလိုမီတာ အကွာ တွင်ရှိသော တော်လှန်ရေးတပ်များထိန်းချုပ်ထားသည့် ကုန်းကြီးရွာမကျေးရွာကို စစ်ကောင်စီက လေကြောင်းမှ ဗုံးတစ်လုံးကြဲ ခဲ့သဖြင့် နေအိမ်၂လုံး ထိခိုက်ပျက်စီးခဲ့သည်။

ဇန်နဝါရီလ ၂၂ရက်နေ့၊ နေ့လည် ၁၁:၃၀ အချိန်ခန့်တွင် နောင်ချိုမြို့ ဈေးရပ်ကွက်ကို စစ်ကောင်စီက ဂျက်ဖိုက်တာ လေယာဉ်နှစ်စီးဖြင့် ပေါင်၅၀၀ဗုံးနှစ်လုံး ကြဲချခဲ့ရာ ပါရမီလက်ဖက်ရည်ဆိုင်နှင့် နေအိမ်၂လုံး ထိမှန်ပျက်စီးခဲ့သည်။ ထိုဗုံးကြဲမှုကြောင့် အရပ်သား၉ဦးသေဆုံးခဲ့ပြီး သေဆုံးသူများမှာ လက်ဖက်ရည်ဆိုင်ပိုင်ရှင်၊ ဝန်ထမ်းနှင့် လက်ဖက်ရည်သောက်နေသော ဧည့်သည်များဖြစ်သည်။ ၇ ဦးမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး အခြား ၂ ဦးမှာ ဆေးရုံသို့ပို့ဆောင်ပြီးနောက် သေဆုံးသွားခဲ့သည်။ အခြားဒဏ်ရာရရှိသူ ၅ဦးကိုလည်း ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

၂၀၂၅ ဇန်နဝါရီလ (၂၁)ရက် နှင့် (၂၂) ရက်နေ့တွင်နောင်ချိုမြို့အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု





ဇန်နဝါရီလ ၂၅ရက်နေ့ မွန်းလွဲ ၁:၃၀ အချိန်ခန့်တွင် စစ်ကောင်စီက ကျောက်မဲဆေးရုံကို လေယာဉ်ဖြင့် ပေါင် ၃၀၀ ဗုံးနှစ်လုံး ကြဲချခဲ့သဖြင့် ဆေးရုံရှိ သားဖွားမီးယပ်ဌာန အဆောက်အအုံထိမှန်ပျက်စီးပြီး အရပ်သား ၃ဦးသေ ဆုံးခဲ့သည်။ သေဆုံးမှုတွင် CDM သူနာပြု ၂ဦးပါဝင်ပြီး ဆေးရုံသို့လာရောက်ဆေးကုသမှုခံယူသော ပြည်သူ အနည်းဆုံး ၂၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာအပြင်းအထန်ရရှိသော လူနာများကို လားရှိုးနှင့် မန္တလေးဆေးရုံသို့ ပို့ဆောင်ကုသခဲ့ရသည်။



*စစ်ကောင်စီ၏ဗုံးကြဲမှုကြောင့်ပျက်စီးသွားသောကျောက်မဲဆေးရုံအဆောက်အအုံ*

ဇန်နဝါရီလ ၂၇ ရက်နေ့၊ မွန်းလွဲ ၂:၁၅ အချိန်တွင် စစ်ကောင်စီက ကျောက်မဲမြို့ မြို့တော်ခန်းမနှင့် ရပ်ကွက်၂ကို လေ ကြောင်းမှ ဗုံးကြဲခဲ့သဖြင့် နေအိမ်၅လုံး ထိခိုက်ပျက်စီးခဲ့သည်။ ဗုံးကြဲမှုများကြောင့် အသက် ၄၀ အရွယ်ရှိ အမျိုးသား ၁ ဦးသည် ဦးခေါင်းပြတ်ကာ သေဆုံးခဲ့ရပြီး အသက်၄၀နှစ်နှင့် ၁၈နှစ်အရွယ်ရှိ အမျိုးသမီး ၂ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

၂၀၂၅ ဇန်နဝါရီလ (၂၅) ရက်မှ (၂၇) ရက်အထိ ကျောက်မဲမြို့အတွင်း အရပ်သားများကို ထိခိုက်သေဆုံးစေခဲ့သော စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှု




ဇန်နဝါရီလအစောပိုင်းတွင် စစ်ကောင်စီက တော်လှန်ရေးတပ်များထိန်းချုပ်ထားသော ဒေသများဖြစ်သည့် ရှမ်း ပြည်နယ်မြောက်ပိုင်းနှင့် မန္တလေးတိုင်းမြောက်ပိုင်းတို့ကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ဇန်နဝါရီလ ၁ရက်နေ့၊ နေ့လည် ၁၁ နာရီခန့်တွင် စစ်ကောင်စီက သိန္နီမြို့ ရပ်ကွက်၃ကို လေကြောင်းမှ ဗုံးကြဲခဲ့သဖြင့် နေအိမ် အချို့ ထိခိုက်ပျက်စီးခဲ့သည်။ ဇန်နဝါရီလ ၈ရက်နေ့တွင် စစ်ကောင်စီက မိုးကုတ်မြို့ကို လေကြောင်းမှ ဗုံးကြဲခဲ့ သဖြင့် အရပ်သားနေအိမ် ၂၀လုံးကျော် ထိခိုက်ပျက်စီးခဲ့သည်။

တစ်ဖက်တွင်လည်း စစ်ကောင်စီတပ်သားများက နောင်ချိုမြို့နယ်ရှိကျေးရွာသူကျေးရွာသားများကို တော်လှန်ရေးတပ်များအားထောက်ပံ့သည်ဟုစွပ်စွဲကာ အုပ်စုလိုက်ညှင်းဆဲနှိပ်စက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စစ်ကောင်စီတပ်သားများသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအစောပိုင်းက ၎င်းတို့ပြန်လည်ထိန်းချုပ်မှုရယူခဲ့သော နောင်ချိုမြို့အနောက်တောင်ဖက်၊ မူဆယ်-မန္တလေးအမြန်လမ်းမပေါ်ရှိ အုန်းမတီးကျေးရွာမှ နေအိမ်များကို မီးရှို့ဖျက်စီးခဲ့သည်။ ယခင်လအတွင်း အုန်းမတီးကျေးရွာမှ နေအိမ်စုစုပေါင်း ၂၀ လုံးကို စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီးခဲ့ပြီး ဒီဇင်ဘာလ ၂၉ ရက်နေ့နှင့် ဇန်နဝါရီလ ၁၉ရက်နေ့တို့တွင် မီးရှို့ခံခဲ့ရသော နေအိမ်များအပါအဝင်ဖြစ်သည်။

<table>
<tr><th colspan="9">နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်တွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများနှင့် နေအိမ်မီးရှို့ဖျက်ဆီးမှု များကြောင့် အရပ်သားထိခိုက်သေဆုံးမှုစာရင်း (၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၉ရက် - ၂၀၂၅ခုနှစ် ဇန်နဝါရီလ ၂၇ရက်)</th></tr>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရက်စွဲ</th><th rowspan="2">ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်</th><th rowspan="2">အသေးစိပ် အချက်အလက်</th><th colspan="2">အရပ်သားသေဆုံးမှု</th><th colspan="2">အရပ်သားဒဏ်ရာရမှု</th><th rowspan="2">အရပ်သားပိုင် ထိခိုက် ပျက်စီးမှု</th></tr>
<tr><th>သိရသော အချက် အလက်</th><th>အရေ အတွက်</th><th>သိရသော အချက် အလက်</th><th>သိရ သော အချက် အ လက်</th></tr>
<tr><td>၁</td><td>၂၉.၁၂.၂၀၂၄ မှ ၂၆.၁.၂၀၂၅</td><td>အုမ္မသီးရွာ နောင်ချိုမြို့</td><td>အရပ်သားနေအိမ် ၂၀လုံးကို စစ်ကောင်စီ တပ်သားများ မီးရှို့</td><td></td><td></td><td></td><td></td><td>နေအိမ်၂၀လုံး ပြာကျ</td></tr>
<tr><td>၂</td><td>၂၁.၁.၂၀၂၅</td><td>နောင်ချိုမြို့</td><td>မွန်းလွဲ ၂:၁၆ တွင် စစ်ကောင်စီ ဂျက်ဖိုက်တာ လေယာဉ်က ပေါင်၃၀၀ ဗုံး၂လုံး ကြဲ</td><td>မ၁ဦး (၆၀နှစ်)</td><td>၁</td><td>မ၁ဦး(၁၇နှစ်)၊ ကျား၁ဦး (၆၀နှစ်)</td><td>၂</td><td>ထွေအုပ်ရုံး ၁ရုံး၊ ရဲစခန် ၁ခု၊ နေအိမ် ၅လုံး ထိခိုက် ပျက်စီး</td></tr>
<tr><td>၃</td><td>၂၁.၁.၂၀၂၅</td><td>ကုန်းကြီးရွာမ နောင်ချိုမြို့</td><td>မွန်းလွဲ ၂:၂၆ တွင် စစ်ကောင်စီက လေယာဉ်ဖြင့် ဗုံး ၁လုံးကြဲ</td><td></td><td></td><td></td><td></td><td>နေအိမ် ၂လုံး ထိခိုက်ပျက်စီး</td></tr>
<tr><td>၄</td><td>၂၂.၁.၂၀၂၅</td><td>ဈေးရပ်ကွက် နောင်ချိုမြို့</td><td>နေ့လည် ၁၁:၃၀ တွင် ဂျက်ဖိုက် တာ၂စီး က ပေါင် ၅၀၀ ဗုံး၂လုံးကြဲ</td><td>ကျား ၇ဦး၊ မ၂ဦး</td><td>၉</td><td></td><td>၅</td><td>နေအိမ်၂လုံး နှင့် လက်ဖက် ရည် ဆိုင် ၁</td></tr>
</table>

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | | | ဆိုင် ထိခိုက် ပျက်စီး |
| ၅ | ၂၅.၁.၂၀၂၅ | ကျောက်မဲဆေးရုံ ကျောက်မဲမြို့ | မွန်းလွဲ ၁း၃၀တွင် စစ်ကောင်စီက လေကြောင်းမှ ဗုံးကြဲ | သူနာပြု ၂ဦး၊ လူနာ ၁ဦး | ၃ | လူနာ ၂၀ဦး | ၂၀ | ဆေးရုံ အဆောက် အဦး ၂လုံး ပျက်စီး |
| ၆ | ၂၇.၁.၂၀၂၅ | ရပ်ကွက် ၂ ကျောက်မဲမြို့ | မွန်းလွဲ ၂း၁၅ တွင် စစ်ကောင်စီက လေကြောင်းမှ ဗုံး၂လုံးကြဲ | ကျား ၁ဦး (၄၀နှစ်)၊ မ၁ဦး (၂၁နှစ်) | ၂ | မ၂ဦးနှင့် ကျား၃ဦး | ၅ | နေအိမ် ၁၀ လုံး၊ မြို့တော် ခန်းမ ၁ ခု၊ ဟိုတယ် ၁လုံး ထိခိုက် ပျက် စီး |
| | | | | **စုစုပေါင်း** | **၁၅** | | **၃၂** | **နေအိမ် ၃၉ လုံး၊ ဆေးရုံ ၁လုံး၊ လက် ဖက်ရည် ဆိုင် ၁ဆိုင်၊ ထွေ အုပ်ရုံး ၁ရုံး၊ ရဲစခန်း ၁ခု ထိခိုက် ပျက် စီး** |

**ဆက်သွယ်ရန်**


စိုင်းဟော်ရှဲန် 66 94 728 6696 Signal (ရှမ်း, အင်္ဂလိပ်)

ယိင်းလျန်းဟန် 1 825 425 4099 Signal (မြန်မာ)